

# ချိန်ကိုက်လုပ်ဆောင်ရတဲ့ ကစားကွက်တွေနဲ့

# NEED FOR SPEED THE RUN

အစဉ်အလာမပျက် နှစ်စဉ်ထွက်ရှိလာနေကြဖြစ်ပြီး ကမ္ဘာမှာ နာမည်အကြီးဆုံး racing game series ဖြစ်တဲ့ Need for Speed (NFS) ရဲ့ နောက်ဆုံး game အသစ် NFS The Run ဟာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလမှာ ထွက်တော့မယ်လို့ EA က ထုတ်ဖော်ကြေငြာလိုက်ပြီ ဖြစ်ပါတယ်။ »







ကားမောင်းပြိုင် ကစားတတ်တဲ့ gamer တွေဟာ Need for Speed game series အသစ်တွေကို အမြဲတမ်းလိုလို မျှော်လင့်နေတတ်ကြပါတယ်။ တချို့ series တွေမှာတော့ မျှော်လင့်ထားသလို စိတ်ကြိုက် ဖြစ်မလာတတ်ဘဲ ကစားတဲ့ gameplay ပုံစံ၊ ကားအမျိုးအစား၊ ဇာတ်လမ်းဇာတ်ကွက် အပြောင်းအလဲတွေကြောင့် စိတ်ပျက်စရာတွေ ရှိခဲ့ဖူးကြမှာပါ။

EA ရဲ့ Need for Speed series တွေကို တာဝန်ယူ ရေးဆွဲပေးနေတဲ့ Development Studio ဟာ တစ်ဖွဲ့တည်း မဟုတ်ပါဘူး။ ဒီတစ်ခါ ထွက်ရှိလာမယ့် Need for Speed The Run ကို NFS Shift နဲ့ Shift 2 ကို ရေးဆွဲခဲ့တဲ့ Slightly Mad Studios၊ NFS Hot Pursuit ကို ရေးဆွဲခဲ့တဲ့ Criterion Games အဖွဲ့တို့ မဟုတ်တော့ဘဲ NFS Underground၊ NFS Most Wanted၊ NFS Undercover တို့ကို ရေးဆွဲခဲ့တဲ့ မူလပထမ EA Black Box အဖွဲ့လို့ သိရပါတယ်။

EA Black Box ဟာ Undercover ကို ရေးဆွဲခဲ့ပြီးတဲ့ ၂၀၀၈ ခုနှစ်ကတည်းက အခုအချိန်ထိ အချိန်ယူရေးဆွဲနေခဲ့တာ ဖြစ်ပါတယ်။ ယင်းတို့ရဲ့ ရည်ရွယ်ချက်ကလည်း ကားပြိုင်ပွဲကစားတဲ့ gameplay အစဉ်အလာကို ထူးထူးခြားခြားနဲ့ ပုံစံအသစ် ပြောင်းလဲလိုက်ချင်လို့ ဖြစ်ပါတယ်။ EA မှ Executive Producer ဖြစ်တဲ့ Jason Delong ကိုယ်တိုင်က "ဒီနှစ်ဟာ Need for Speed ကို နောက်တစ်ဆင့် မြှင့်မယ့်နှစ်ပါပဲ၊ The Run ရဲ့ အရမ်းသည်းထိတ်ရင်ဖိုရမယ့် game ဇာတ်လမ်းနဲ့ action အကြမ်းပတမ်းတွေက လူတွေကို အံ့အားသင့်သွားအောင်ကို လုပ်မှာပါ၊ ဒါပေမဲ့ မတရားမြန်ဆန်တဲ့ အမိုက်စားကားတွေကလည်း မပါလို့မဖြစ်ဘူး၊ ကျွန်တော်တို့က ကစားသူတွေကို တစ်နာရီ မိုင် ၂၀၀ နှုန်းနဲ့ ပျော်မြူးပေါက်ကွဲ ခံစားစေချင်တာပါ" လို့ ဆိုထားပါတယ်။

NFS The Run ဟာ အရင်လို ပုံသေဇာတ်လမ်းထဲမှာ မြို့တွင်းမြို့ပြင် ကားမောင်းပြိုင်ပွဲတွေချည်း ပုံစံသက်သက် မဟုတ်တော့ဘဲ ဇာတ်ကောင်စရိုက်များ ထည့်သွင်းထားတဲ့ ရုပ်ရှင်ဆန်ဆန် ခွန်းတုံ့ဆန်းတွေနဲ့ ဇာတ်လမ်းအသားပေး ပုံစံ ဖြစ်လာပါလိမ့်မယ်။ Trailer တွေအရ NFS The Run ရဲ့ game ဇာတ်ကောင်အမည်ဟာ Jack ဖြစ်ပြီး ကားပြိုင်ပွဲနဲ့ ပတ်သက်တဲ့ အစွမ်းအစရှိသူတစ်ယောက်လို့ သိထားပါတယ်။





လောလောဆယ်မှာတော့ သူ့နောက်ခံ သမိုင်း အကြောင်းကို ရေရေရာရာ မသိရသေးပေမယ့် အကြောင်းတစ် ခုခုကြောင့် တစ်စုံ တစ်ရာကို ရှောင် ပြေးနေရတယ်ဆိုတာ ရိပ်မိ သိရှိနိုင်ပါတယ်။ ရဲတွေကို ရှောင်ပြေးနေတာလား၊ လူဆိုးဂိုဏ်း ကို ရှောင်ပြေးနေလား၊ ၂ ခုစလုံးပဲလားတော့ မသိရသေးပါဘူး။ ဒါပေမဲ့ ပြေးရမှာကတော့ ဆန်ဖရန်စစ္စကိုကနေ နယူးယောက် မြို့အထိလို့ ဆိုပါတယ်။

ယခင် NFS series တွေမှာတုန်းက ပန်းချီပုံရေးဆွဲသူ၊ program ရေးဆွဲသူနဲ့ designer တွေဟာ သီးခြားဆီ အလုပ် လုပ်ခဲ့ကြပေမယ့် အခု The Run မှာတော့ အားလုံးအတူတူ စုစည်းလုပ်ဆောင်ပြီး ရေးဆွဲကြတယ်လို့ သိရပါတယ်။ ဒီလို နည်းလမ်းဟာ game ပြီးစီးမှု အချိန်ပိုကြာမြင့်လာပေမယ့် game အရည်အသွေးကတော့ အရမ်း တိုးတက်ကောင်းမွန်လာတယ် လို့ ဆိုပါတယ်။

Need for Speed The Run ထဲမှာ NFS series တွေ အတွက် အထူးခြားဆုံး၊ အထင်ရှားဆုံးနဲ့ ပထမဆုံးဖြစ်မယ့် အချက်ကတော့ game ဇာတ်ကောင်ဟာ ဇာတ်လမ်း အရ ကားထဲကနေ အပြင်ကိုထွက်ရပါ တော့မယ်။ Demo တစ်ခုမှာဆိုရင် ဇာတ်ကောင် Jack ဟာ မြို့ ပြညမှာ တခြားကား ၇ စီးနဲ့ ပြိုင်မောင်း နေရင်း တခြားကား တစ်စီးက သူ့ရဲ့ကား ကို တည့်တည့် ဝင် တိုက်မိရာမှာ လုံးဝမောင်းမရနိုင်လောက်အောင် ကားပျက်စီး သွားခဲ့ပါတယ်။ အဲဒီနောက် ကားထဲကအထွက်မှာ လက်နက် ကိုင်လူတစ်စုလာနေတာကို တွေ့လိုက်တာနဲ့ အဆောက် အဦးတစ်ခုထဲပြေးဝင်ရင်း လှေကားထစ် အဆင့်ဆင့် ကျော်ဖြတ် ကာ ခေါင်မိုးပေါ်အထိ ရောက်သွားပါတယ်။ ကောင်းကင်မှာ helicopter နဲ့ စက်သေနတ်ပစ်သံတွေကြား အခြားတိုက်တစ် တိုက်ပေါ် ခုန်ကျော်ပြေးထွက်ပြီး အဆင်းမှာတော့ ရဲကား တစ်စီးနဲ့ ပက်ပင်းတွေ့ရပါတယ်။ အဲဒီရဲကိုလည်း အချိန်ကိုက် လေထဲမှာ ခုန်ကန်လိုက်ပြီး ကားကိုယူကာ မောင်းပြေးရပါ တယ်။ ဒီလိုနဲ့ပဲ နောက်ဆုံးမှာ ကားထဲကို ပြန်ရောက်ပြီး ပြန်လည်ယှဉ်ပြိုင် မောင်းနှင်တဲ့ ဇာတ်လမ်းထဲ ပြန်ရောက်သွား ပါတယ်။ နာမည်ကြီး game တချို့မှာ တွေ့ရတတ်တဲ့ အချိန်ကိုက် လုပ်ဆောင်ကစားရတဲ့ QTE (Quick Time Event) မျိုးတွေကို The Run ရဲ့ ဇာတ်လမ်းထဲမှာ ထည့် သွင်းပေးထား တာကို တွေ့မြင်ရပါလိမ့်မယ်။

The Run ဟာ ယခုနောက်ပိုင်းမှာ Battlefield series နဲ့





နာမည်ရလာတဲ့ Frostbite 2 engine နဲ့ အသုံးပြုရေးဆွဲထားတာကြောင့် ဒီ engine အသုံးပြုထားတဲ့ ပထမဆုံးသော non shooter game လည်း ဖြစ်နေပါတယ်။ The Run ရဲ့ တရားဝင် website ကြော်ငြာအရဆိုရင် အမျိုးအစားတူ အခြား racing game တွေအားလုံးထက် visual graphic အရည်အသွေးဟာ ပြိုင်ဘက်ကင်းအဆင့်လို့တောင် ညွှန်းဆိုထားပါတယ်။ ဇာတ်လမ်းထဲမှာ မောင်းနှင်ကစားရမယ့် ကားအမျိုးအစားတွေကတော့ Audi R8 Coupe 5.2 FSI ၊ Ford Mustang Shelby GT500 Super Snake ၊ Porsche 911 GT2 ၊ BMW E92 M3 GTS ၊ McLaren MP4-12C ၊ Aston Martin V12 Vantage စတဲ့ ကမ္ဘာကျော် hottest ကားတွေ ဖြစ်ပါတယ်။

The Run game ကို ကြိုတင်ဝယ်ယူထားချင်တဲ့သူတွေအတွက် online မှာ pre-order လက်ခံလျက်ရှိပြီး EA မှ အရောင်းမြှင့်တင်ရေးအစီအစဉ်တွေ စတင်လုပ်ဆောင်နေပါတယ်။ ဥရောပဈေးကွက်တစ်ခုလုံးအတွက် ပြင်သစ်၊ ဂျာမဏီ၊ နော်ဝေး၊ ရုရှားနဲ့ ယူကေတို့မှာ Need for Speed အရောင်းမြှင့်တင်ရေး ကိုယ်စားလှယ် model ၂ ဦး ရွေးချယ်ဖို့ မယ်ရွေးပွဲတွေ စတင်နေပါပြီ။ ရွေးချယ်ခံရမယ့်သူတွေဟာ ကားပြိုင်ပွဲတွေအကြောင်းနဲ့ game အကြောင်းတွေကို ကောင်းကောင်း သိရှိနားလည်ရမှာဖြစ်ပြီး ၂၀၁၂ ခုနှစ် အထိ Need for Speed အတွက် ဥရောပ campaign တွေ အားလုံးမှာ ပါဝင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

EA ရဲ့ လှုပ်ရှားမှုတွေအပေါ် gamer တွေ ပိုမို စိတ်ဝင်စားလာတာနဲ့အမျှ The Run game အပေါ်မှာလည်း သိရှိလိုတဲ့ မေးခွန်းတွေ များပြားလာတာ တွေ့မြင်ရပါတယ်။ တကယ်တမ်း ထွက်ရှိလာရင် multiplayer ချိတ်ဆက်ကစားနိုင်မှာလား၊ ကားအမျိုးအစားအသစ်တွေ ပါဦးမလား၊ Shift တုန်းကလို စိတ်ပျက်စရာတွေ ဖြစ်သွားမလား၊ patch ပေါင်း များစွာနဲ့ ပြင်နေရဦးမှာလား၊ ဇာတ်လမ်းထဲက model လေးတွေ ချောရဲ့လား၊ အရင်ဇာတ်လမ်းတွေလောက် ကောင်းပါ့မလား စသဖြင့် မေးခွန်းတွေ မနည်းလှပါဘူး။ မြန်မာ gamer တွေထဲမှာလည်း Need for Speed series တွေကို အမြဲ မျှော်လင့်စောင့်စား နေသူတွေ ရှိကြပါတယ်။ Need for Speed The Run ကို ယခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှာ တရားဝင် စတင်ဖြန့်ချိ ပါတော့မယ် ဆိုတဲ့ သတင်းကောင်းလေးကို ဇာဖတ်ပရိသတ်တွေ သိအောင် ပြောပြချင်ပါတယ်။



MJD (4AM Digital Services)